ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ စနေနေ့၊ (24-7-2010) (၆၄၆၉)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော်   ဇူလိုင်   ၂၃

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

စိစစ်ဆောင်ရွက်လျက်ရှိ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၅)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၄၀)အနက် ပါတီ (၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် တည်ဆောက်ပေးထားသော အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) ကို တွေ့ရစဉ်။

စက်မှုကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်မည်

ကမ္ဘာတစ်လွှားက ဖွံ့ဖြိုးပြီးနိုင်ငံတွေ ဘာကြောင့်ဖွံ့ဖြိုးတိုးတက်လာခဲ့ကြတယ်ဆိုတာ လေ့လာရင် အဓိကအကြောင်းရင်းကတော့ စက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ထူထောင်နိုင်ခဲ့တဲ့ အကျိုးရလဒ်ပဲဆိုတာ တွေ့ရပါလိမ့်မယ်။ ဒီနေ့ခေတ်ကို သတင်းဆက်သွယ်ရေးနည်းပညာခေတ် (Information & Communication Technology) လို့ ပြောနေကြပါတယ်။ အငြင်းပွားစရာ မရှိပါဘူး။ မှန်ပါတယ်။ ဒါပေမယ့် စက်မှုခေတ်ပြောင်းတော်လှန်ရေးဆိုတာ မရှိခဲ့ဘဲနဲ့ ICT ခေတ်ကို ရောက်လာစရာ မရှိပါဘူး။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရာကတစ်ဆင့် ပိုမိုကောင်းမွန်တဲ့ ခေတ်သစ်တစ်ခုဆီကို တက်လှမ်းလာခဲ့ကြတာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စက်မှုလုပ်ငန်းအတွက် လိုအပ်တဲ့ မြေပေါ်၊ မြေအောက်နဲ့ ရေအောက် သယံဇာတ(ကုန်ကြမ်းပစ္စည်း)တွေ ပေါကြွယ်ဝပေမယ့်လည်း လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတစ်လျှောက်လုံးမှာ စက်မှုနည်းပညာပိုင်း အားနည်းခဲ့လို့ အကျိုးရှိအောင် ထုတ်ယူသုံးစွဲနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ကိုလိုနီနယ်ချဲ့ အရင်းရှင်တို့ အုပ်ချုပ်ခဲ့တဲ့ နှစ်(၁၀၀)ကျော် ကာလအတွင်းမှာလည်း သူတို့သက်တမ်းရှည်ကြာစွာ အုပ်ချုပ်နိုင်မယ့် ကျွန်ပညာရေးစနစ်ကိုသာ ကျင့်သုံးသင်ကြားပေးခဲ့တာမို့ မြန်မာပြည်သူ ပြည်သားတွေဟာ စက်မှုအတတ်ပညာပိုင်းနဲ့ ပတ်သက်ရင် ပန်းပဲဖိုအဆင့်မှာပဲ ရှိခဲ့ပါတယ်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အစိုးရ ဆက်လက်တာဝန်ယူခဲ့ချိန်မှာ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု **စာမျက်နှာ ၈ ကော်လံ ၁ သို့**

သတင်းဆောင်းပါး

မောင်တွေးထက်

ဓာတ်ပုံမှတ်တမ်း - ကြေးမုံ

အဆင်အပြင် - ခိုင်သန္တာရွှေ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၄-၇-၂၀၁၀
(စနေနေ့)

ရောတစ်ခွင် လမ်း၊ တံတားသစ်များဖွင့်လှစ် ဒေသထွက်ကုန် ပို့ဆောင်ရောင်းဝယ်မှုတိုးတက်

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသည်။ မြေဆီမြေနှစ် ကောင်းမွန်ပြီး သဘာဝသယံဇာတ ကြွယ်ဝသည်။ ဆန်စပါး၊ ပဲအမျိုးမျိုး၊ သား၊ ငါး၊ ဆားနှင့် ရေထွက်ကုန်ပစ္စည်းများစွာ ထုတ်လုပ်ပေးနေသော ဒေသဖြစ်သည်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ဒေသတွင်းနိုင်ငံများ စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ တိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးနေပြီ။ မော်တော်ကားလမ်းသစ် ခုနစ်ခုနှင့် လမ်းဟောင်းအချို့ကို အဆင့်မြှင့်တင်ဖောက်လုပ် ပြင်ဆင်ပေးခဲ့ရာ မိုင်လေးရာကျော်ရှိသည့် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကြီး ပေါ်ထွက်လာခဲ့ပေပြီ။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်လျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို ဇူလိုင် ၂၂ ရက်က ဖွင့်လှစ်လိုက်သည်။ မော်လမြိုင်ကျွန်းမြို့နယ် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ ကားလမ်းဟောင်းကို ပြုပြင်အဆင့်မြှင့်တင်ရာတွင် စည်းခြားနေသည့် ရာဇူဒိုင်မြစ်ကြီးကို တံတားသစ်ကြီးနှစ်စင်း တည်ဆောက်ဖွင့်လှစ်ခြင်းဖြင့် ပေါင်းကူးဆက်စပ်ပေးခြင်းဖြစ်သည်။ ရာဇူဒိုင်တံတား အမှတ်(၂)ကို နှစ်ဆန်းပိုင်းက ဖွင့်လှစ်ပေးခဲ့ပြီ။ ယခု ရာဇူဒိုင်တံတားအမှတ်(၁)ကို ထပ်မံဖွင့်လှစ်လိုက်ပြန်ရာ မော်လမြိုင်ကျွန်းဗဟိုပြု ခရီးသွားလာမှု ပိုမိုလွယ်ကူနေပေပြီ။

ရာဇူဒိုင်တံတားအမှတ်(၁)သည် မော်လမြိုင်ကျွန်း ဗဟိုပြုလမ်းမကြီးများပေါ်တွင် တည်ရှိနေသဖြင့် ဒေသအသီးသီးသို့ ခရီးပေါက်သွားလာနိုင်ကြပြီ။ လယ်ယာထွက်ကုန်နှင့် သားငါးထွက်ကုန်များ နိုင်ငံတစ်နံတစ်လျားသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်လျက်ရှိသည်။ ဒေသ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအကျိုးပြုနိုင်ပေတော့မည်။

ယနေ့ကာလတွင် ဧရာဝတီတိုင်းအတွင်း မော်တော်ကားလမ်းသစ်များ ဖောက်လုပ်ပေးနေသည်။ ယခင်ရှိပြီး ပုသိမ်-ကြံခင်း ရထားလမ်းနှင့် ဆက်စပ်၍ကြံခင်း-ပခုက္ကူရထားလမ်းသစ်၊ ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)ရထားလမ်း၊ ဟင်္သာတ-ခနေဖြူ-စက္ကော့ (ညောင်တုန်း) ရထားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။

ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းများပါ အသုံးပြုဆက်သွယ် သွားလာနိုင်ကြပြီ။ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများကြောင့် အခြားပြည်နယ်နှင့်တိုင်းများသို့ ဆန်စပါး၊ သားငါးထွက်ကုန်များ မြန်ဆန်သွက်လက်စွာ ကူးသန်းဆက်သွယ် သယ်ယူပို့ဆောင်နိုင်ကြပြီ။ စီးပွားရေး အဖွံ့ဖြိုးဆုံး ဒေသအဖြစ် ဦးတည်ရောက်ရှိလာနေပြီဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧရာဝတီ ဟင်္သာတတာနှင့် ဟင်္သာတ ကမ်းနားတာများ၏ ကြံ့ခိုင်မှုတို့ကို ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၁၉ ရက်တွင် ဧရာဝတီတိုင်း ဟင်္သာတမြို့၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ဧရာဝတီ ဟင်္သာတ တာနှင့် ဟင်္သာတ ကမ်းနားတာများ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတမြို့နယ် မရမ်းလေးကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဟင်္သာတမြို့နယ် ဧရာဝတီ ဟင်္သာတ တာနှင့် မြို့မတာတမံနယ်(၂) အတွင်းရှိ တောင်လုံးစု ရေကင်းစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဟင်္သာတမြို့နယ် ကန်လှကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး သူရဦးအေးမြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Cho Byung- jae နှင့်အတူ ကိုရီးယားသမ္မတနိုင်ငံ BOOYOUNG Co., Ltd. ဥက္ကဋ္ဌ Dr. Lee Joong Keun နှင့် အဖွဲ့သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ကျောက်စိမ်းခန်းမ၌ လာရောက်တွေ့ဆုံသည်။(အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံ အပြန်အလှန် အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသော BOOYOUNG Co., Ltd.က မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ သုံးသိန်းငါးသောင်း တန်ဖိုးရှိသည့် တိုက်ကွမ်ဒို အားကစားရုံတစ်ရုံ တည်ဆောက်ပေးမည့် သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီး သူရဦးအေးမြင့်က BOOYOUNG Co., Ltd. ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၃

၁၉၆၆-၁၉၇၀ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်တွင် Western Park Restaurant (သခင်မြပန်းခြံ)၌ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးဘွဲ့ရ အနှစ်(၄၀)မြောက် (ပတ္တမြားရတု) ကျရောက်သောကြောင့် အာစရိယပူဇော်ပွဲကို ထူးထူးခြားခြား ကျင်းပလိုပါသဖြင့် အကြံဉာဏ်များပေးကြပါရန်နှင့် အလှူငွေများကို ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၈၇၆၀၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၃၇၉၆၂၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၁၃၁၃၉၅၊ ဦးခိုင်စိန် ဖုန်း-၀၉-၅၀၃၈၀၁၂၊ ဦးကြည်ဝင်း ဖုန်း-၀၁-၅၁၂၀၇၈၊ ဦးဟန်စိုး ဖုန်း-၀၉-၂၀၅၈၁၆၉၊ ဒေါ်ခင်ဆွေအုန်း ဖုန်း-၀၉-၈၀၂၀၁၈၃၊ ဒေါ်အောင်ကြည် ဖုန်း-၀၉-၅၀၄၇၈၅၆၊ ဒေါ်ညိုမီကြည် ဖုန်း-၀၁-၅၈၀၂၅၈၊ ဒေါ်ခင်ညိုဝင်း ဖုန်း-၀၉-၅၄၀၂၇၃၁ နှင့် ဒေါ်ဆွေတင်ဝင်း ဖုန်း-၀၂-၃၆၉၀၀ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှရွှေ-ဒေါ်လှလှမိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ရေလှောင်ကန်သစ်ကြီးတို့အတွက် ငွေကျပ်သိန်းတစ်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

Diploma in Software Engineering သင်တန်းဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၂၃

Myanmar Professionals Education Centre မှ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်ပြီး သင်တန်းကာလ ကိုးလကြာမြင့်မည်ဖြစ်သော အဆိုပါ Diploma သင်တန်းတွင် Software Engineering နှင့်သက်ဆိုင်သော အဓိကဘာသာရပ် ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် အသုံးချ Project တစ်ခုကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။

Diploma in Software Engineering သင်တန်းကို သင်ကြားမှုအတွေ့အကြုံသာမက လုပ်ငန်းခွင် အတွေ့အကြုံရင့်ကျက်သော ဆရာ၊ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ထို့အပြင် Software ရေးသားမှု အတွေ့အကြုံရှိသူများကပါ ထပ်မံ၍ လုပ်ငန်းခွင် အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသူ ကျောင်းသားများအတွက် သင်တန်းကြေးကိုလည်း အရစ်ကျ ပေးသွင်းနိုင်စေရန် စီစဉ်ထားရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။

သင်တန်း တန်းခွဲသစ်ကို ၂၀၁၀ ခုနှစ် ဇူလိုင်လကုန်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား အထူး Discount ဖြင့် လက်ခံပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူ ကျောင်းသားများနှင့် မိဘများသည် အသေးစိတ် အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အခန်း (804/B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၇၃၀၆၆၂၇၈ သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်း ထားနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂါဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ "တောင်ပေါ်မြေပြန့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ပင်လောင်းလမ်း"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ Yan Can Cook
- ၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၇)**
- ၁း၄၀ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၁း၅၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၀၀ ၉။ အတီးပြိုင်ပွဲ
- ၂း၂၀ ၁၀။ "ဆီးချိုသွေးချိုကာကွယ်ပါ"
- ၂း၄၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၂း၅၀ ၁၂။ International News
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ "အမျိုးနှင့်မျိုး"
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ တေးဂီတအစီအစဉ်
- ၅း၃၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၂။ **ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-နန်းဆု၊ဆွမ်) (ဒါရိုက်တာ-ခေတ်ဘုန်းမို)**
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၂၃)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ထာဝရတို့မြေအလှ [ဟေမာနေဝင်း၊ တေးရေး- ပက်ထရစ်(မိုးသောက်ပန်း)]
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၄)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၅)**
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၁။ အစီအစဉ်ပြီး၏။

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ပိုင်ကျုံနှင့် ကမမောင်းတို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မော်လမြိုင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကရင်ပြည်နယ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မော်လမြိုင်ခရိုင် ထပ်ဆင့်လွှင့်စက်ရုံ၊ ဘားအံခရိုင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး နံရံကပ်စာစောင်များ၊ ပိုစတာများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ပိုင်ကျုံနှင့် ကမမောင်းတို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မော်လမြိုင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ စာကြည့်တိုက်များသို့ ပြည်သူများပိုမိုလာရောက် စာပေဖတ်ရှုလေ့လာအောင်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ပြည်သူများ စာပေဖတ်ရှုသည့်အလေ့ ပိုမိုစွဲမြဲလာအောင် စည်းရုံးဆောင်ရွက်ရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများရှိ စာကြည့်တိုက်များအပါအဝင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်စံများနှင့်ကိုက်ညီသည့် အခိုင်အမာစာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်ကြရန်၊ မိမိတို့ဒေသအတွင်း ကျေးရွာတိုင်း သတင်းစာတစ်စောင်ရောက်ရှိ ဖတ်ရှုနိုင်ရေး၊ ဒို့ကျေးရွာဂျာနယ်တစ်စောင် ကျေးရွာတိုင်း ရောက်ရှိ ဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုးသည့်စနစ်၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ်၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့်ဆောင်ရွက်သည့်စနစ် နည်းသုံးနည်းဖြင့် ဆောင်ရွက်ကြရန်၊ ရုပ်/သံထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက်ပျံ့နှံ့ ရောက်ရှိအောင်ဆောင်ရွက်ရန်၊ ထပ်မံတိုးချဲ့တည်ဆောက်မည့် ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန် ကြား ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး ကျော် ဆန်း ဘား အံ မြို့ နယ် ပြန် ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံး၌ နံရံကပ် စာစောင် များ၊ ပိုစတာများ ဆောင်ရွက်ထားရှိ မှုကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၂၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်သစ်တောဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီတွင် အထက(၂) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သက်နိုင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဘုန်းကျော်တို့က ဦးဆောင်၍ ကျွန်း၊ မဲဇလီ၊ စစ်၊ မန်ကျည်း၊ ခရေ၊ ကံ့ကော် အပင်ပေါင်း ၁၀၀၀ ကျော်အား တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။**(အောက်ပုံ)**

(ကြေးမုံ)

(၂၅၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၃

(၂၅၉)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ ဆု၊ ငွေကျပ်ငါးသိန်း ၁၃ ဆု၊ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၂၆၀ ဆုနှင့် ငွေကျပ်တစ်သိန်း ၁၂၃၅၄ ဆုအပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ အတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၅-၇-၂၀၁၀) ရက်နေ့
၂၀၁၀ ခုနှစ် ဩဂုတ်လအတွက်
(၈-၈-၂၀၁၀) ရက်နေ့
နှင့်
(၂၉-၈-၂၀၁၀) ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဟောကြားတော်မူသောတရားတော်"
၇း၀၀	MRTV-4 သတင်း
၇း၄၅	နည်းပညာစွမ်းထက်SOLAR HUT
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၆)**
၈း၃၀	Activities In The City - T-Link Web Development ၏ Online Myanmar Shopping Com မိတ်ဆက်ပွဲ -nexus ဆိုသည်မှာ---
၉း၀၀	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၁/၂၀၁၀
၉း၁၅	ဆည်မြောင်းရဲ့အားမာန်--- ပြိုင်းချောင်းရေလှောင်တမံ
၉း၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၅	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁၁း၁၀	သွားမယ်စားမယ် (ENN Japanese Sushi)
၁၁း၄၅	ရာဇဝင်မြစ်ကမ်းပေါ်မှ----နားခိုရာ
၁၂း၁၀	Activities In The City - T-Link Web Development ၏ Online Myanmar Shopping Com မိတ်ဆက်ပွဲ
၁၂း၃၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၇)(သွေးကင်ဆာ)
၁း၀၀	"သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဟောကြားတော်မူသောတရားတော်"
၂း၀၀	MRTV-4 သတင်း
၂း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၆)**
၄း၄၅	Activities In The City (nexus ဆိုသည်မှာ---)
၅း၀၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၁/၂၀၁၀
၅း၂၅	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၅၀	Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉း၀၀	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာနီကိုရဲ)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၆)**
၁၀း၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၇)(သွေးကင်ဆာ)
၁၀း၂၅	သွားမယ်စားမယ် (ENN Japanese Sushi)
၁၀း၅၀	Sports World
၁၁း၁၅	ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း)(အပိုင်း-၁)
၁၁း၄၀	မြန်မာ့လက်မှုအနုလက်ရာစုံစွာ---
၁၁း၅၀	ကန္ဒရဝတီ၏ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဆီသို့----
၁၂း၀၀	လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
၁၂း၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂတပ်ဖွဲ့ ဂီနီတပ်ဖွဲ့ဝင်များဖြင့် အင်အားဖြည့်တင်းမည်

မိုဂါဒစ်ရှူး ဇူလိုင် ၂၃

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော သူပုန်များကို ရင်ဆိုင်တိုက်ခိုက်နေသည့် အာဖရိကသမဂ္ဂတပ်ဖွဲ့ကို ဂီနီနိုင်ငံမှ တပ်ဖွဲ့ဝင်များဖြင့် ထပ်မံအင်အားဖြည့်တင်းသွားမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂက သောကြာနေ့တွင် ပြောကြားသည်။

ဂီနီတပ်ဖွဲ့ဝင်များ ရောက်ရှိလာပါက ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂတပ်ဖွဲ့ အင်အားသည် ၁၀၀၀၀ မျှ ရှိလာနိုင်မည်ဖြစ်သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ (၁၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးမတိုင်ခင် ဝန်ကြီးအဆင့် အကြိုဆွေးနွေးပွဲပြုလုပ်စဉ်အတွင်း အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂီနီနိုင်ငံသည် တပ်ဖွဲ့တစ်ဖွဲ့စေလွှတ်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း အာဖရိကသမဂ္ဂအကြီးအကဲက ပြောကြားခဲ့သော်လည်း တပ်ဖွဲ့ဝင်အရေအတွက် မည်ရွေ့မည်မျှပေးပို့မည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များသည် အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်သော အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုများကို ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည်။ ယင်းအုပ်စုသည် ယူဂန္ဒာတပ်ဖွဲ့များ ဆိုမာလီနိုင်ငံမှ ရုပ်သိမ်းရန် ဖိအားပေးသည့်အနေဖြင့် ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့၌ အကြမ်းဖက်ဗုံးခွဲမှုများလုပ်ဆောင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အင်တာနက်။***

အာဖရိကသမဂ္ဂ တပ်ဖွဲ့ဝင်များ

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ အာဖရိကသမဂ္ဂ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းထောင်တစ်ခုမှ အယ်လ်ခိုင်ဒါ အကျဉ်းသားလေးဦး ထွက်ပြေးလွတ်မြောက်

ဘဂ္ဂဒက် ဇူလိုင် ၂၃

အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွယ်သော အကျဉ်းသားလေးဦးသည် ဘဂ္ဂဒက်ဧရိယာအတွင်းရှိ အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားကြောင်း အီရတ်တရားရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ယင်းအကျဉ်းထောင်သည် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက အီရတ်အာဏာပိုင်များလက်သို့ အမေရိကန်တို့က လွှဲပြောင်းပေးအပ်ခဲ့သော အကျဉ်းထောင်ဖြစ်ပြီး ကမ့်ခရော့ပါဟု လူသိများသည်။

အကြမ်းဖက်မှုဆိုင်ရာစွဲချက်များဖြင့် တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေစဉ် အဆိုပါအကျဉ်းသားလေးဦးသည် လုံခြုံရေးအလွန်တင်းကျပ်သော ကမ့်ခရော့ပါအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခု အကျဉ်းသားများထွက်ပြေးလွတ်မြောက်မှုသည် အီရတ်နိုင်ငံ၌ ရက်သတ္တတစ်ပတ်အတွင်း ဒုတိယမြောက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများ၏ အမည်နာမကို အီရတ်အာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် အီရတ်ထောက်လှမ်းရေးတာဝန်ရှိသူများ၏အဆိုအရ ၎င်းအကျဉ်းသားများသည် အကျဉ်းထောင်အာဏာပိုင်တစ်ဦး၏ ကူညီမှုကြောင့် လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

အစ္စရေးတို့ သိမ်းယူထားသော ဂါဇာထောက်ပံ့ရေးသင်္ဘောသုံးစင်း တူရကီနိုင်ငံသို့ မကြာမီ ပြန်လည်လွှဲပြောင်းပေးမည်

ဂျေရုဆလင် ဇူလိုင် ၂၃

မေလအတွင်းက ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စု ပြဿနာဖြစ်ပွားခဲ့စဉ် အစ္စရေးတပ်ဖွဲ့များ သိမ်းယူထားသော ထောက်ပံ့ရေးသင်္ဘော သုံးစင်းကို တူရကီနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ ထောက်ပံ့ရေးသင်္ဘောများ ပြန်လည်လွှဲပြောင်းပေးမည့် ကိစ္စနှင့်စပ်လျဉ်း၍တူရကီနိုင်ငံကို အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း အစ္စရေးအာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

အေးစက်ခဲ့

ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကို အစ္စရေးတပ်ဖွဲ့များက မေ ၃၁ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းလိုလားသူ တူရကီနိုင်ငံသားရှစ်ဦး အပါအဝင် လူပေါင်းကိုးဦး သေဆုံးခဲ့ရသည်။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ တူရကီနှင့် အစ္စရေးတို့အကြား အစဉ်အလာအရ နွေးထွေးကောင်းမွန်ခဲ့သော နှစ်နိုင်ငံဆက်ဆံရေးမှာ အေးစက်ခဲ့ရသည်။

သတိပေး

သို့ရာတွင် လက်ဘနွန်နိုင်ငံမှ ဂါဇာကမ်းမြောင်သို့ လာရောက်ရန်ပြင်ဆင်နေသော ထောက်ပံ့ရေးသင်္ဘော နှစ်စင်းကို လာရောက်ခွင့်ပြုမည် မဟုတ်ကြောင်း အစ္စရေးနိုင်ငံက ကြာသပတေးနေ့တွင် သတိပေးခဲ့သည်။ ***အင်တာနက်။***

ကိုလံဘီယာနိုင်ငံနှင့် သံတမန်အဆက်အသွယ် ဗင်နီဇွဲလားဖြတ်တောက်

ကာရာကတ်စ် ဇူလိုင် ၂၃

ကိုလံဘီယာလက်ဝဲသူပုန်များ ဗင်နီဇွဲလားနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံနေကြောင်း ကိုလံဘီယာနိုင်ငံက စွပ်စွဲခဲ့ခြင်းကြောင့် အိမ်နီးချင်းနှစ်နိုင်ငံအကြား အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ကာ သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီဖြစ်ကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြသည်။

ကိုလံဘီယာအစိုးရက ဗင်နီဇွဲလားနိုင်ငံအတွင်း ခိုအောင်းနေသော ကိုလံဘီယာသူပုန်များနှင့် ပတ်သက်သည်ဟုဆိုသည့် သက်သေ အထောက်အထားများကို ထုတ်ပြန်ခဲ့ပြီးနောက် နှစ်နိုင်ငံသံတမန်အဆက်အသွယ်ကို ဖြတ်တောက်ခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံက ကြေညာချက်ထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း ကိုလံဘီယာလက်ဝဲသူပုန်များ ခိုအောင်းသည့်နေရာကိုပြသနေသည်ဆိုသော ဓာတ်ပုံများ၊ မြေပုံများ၊ ဗီဒီယိုတိပ်ခွေများကို ကိုလံဘီယာနိုင်ငံက ထုတ်ပြန်ပြီးနောက် နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ဖြတ်တောက်ရန် ဗင်နီဇွဲလားသမ္မတက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားအလာမရှိ

ဗင်နီဇွဲလားနှင့် ကိုလံဘီယာ နှစ်နိုင်ငံသံအဆက်အသွယ်ပြတ်တောက်ခဲ့သော်လည်း စစ်ရေးအရ ပဋိပက္ခများဖြစ်ပေါ်မည့် အလားအလာမရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်တာလီဘန်ခေါင်းဆောင် မူဗီလ်ဖာလူလာ အသက်ရှင်လျက်ရှိဟုဆို

အစ္စလာမ္မာဘတ် ဇူလိုင် ၂၃

မေလအတွင်းက သေဆုံးခဲ့သည်ဆိုသော ပါကစ္စတန် တာလီဘန်ခေါင်းဆောင် မူဗီလ်ဖာလူလာခေါ် မူလာရာဒီယိုသည် ယခုအချိန်အထိ အသက်ရှင်လျက်ရှိပြီး အသေခံတိုက်ခိုက်မှုများကို လုပ်ဆောင်ရန် ခြိမ်းခြောက်ထားသော နောက်ဆုံးဗီဒီယိုတိပ်ခွေကို ဖြန့်ချိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ဖော်ပြသည်။

ခြိမ်းခြောက်

ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ အသေခံတိုက်ခိုက်မှုများကို အသစ်တစ်ဖန်ဆောင်ရွက်ရန် အသေခံဗုံးခွဲသမား ၃၀၀ ပါဝင်သည့်အဖွဲ့ကို လေ့ကျင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း အဆိုပါ ဗီဒီယိုခွေထဲ၌ ဖာလူလာက ခြိမ်းခြောက်ပြောကြားခဲ့သည်။

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့သည် မူလ်ဗီဖာလူလာနှင့် အပေါင်းပါ ၅၀ခန့်အား ဥပဒေကို ချိုးဖောက်သူများဖြစ်သည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဖာလူလာသည် ဖျက်သိမ်းလိုက်ပြီဖြစ်သော တာရစ်ခ်အီးတာလီဘန်ပါကစ္စတန်(တီတီပီ)အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။၎င်းနှင့်အတူ တာလီဘန်တပ်မှူးခြောက်ဦးတို့သည် မေ ၂၇ ရက်က အာဖဂန်နစ္စတန်ပြည်နယ် နူရစ္စတန်ပြည်နယ်၌ သေဆုံးခဲ့ကြောင်း သတင်းများပေါ်ထွက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံပြင် ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်နေသော သင်္ဘောများကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုက်ပရပ်စ် စစ်စခန်းတစ်ခုမှ ဖောက်ခွဲရေးပစ္စည်းများခိုးယူခံရ

နီကိုရှား ဇူလိုင် ၂၃

ဆိုက်ပရပ်စ်နိုင်ငံ လီမာဆိုးလ်ဒေသတောင်ပိုင်းရှိ အမျိုးသားအစောင့်တပ်ဖွဲ့စစ်စခန်း၌ ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်း စုစုပေါင်း ၁၇၂ကီလိုဂရမ် အခိုးခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။

ခန့်မှန်းပြောကြား

ပီဂျီ-၂ အမျိုးအစား ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများသည် ဇူလိုင် ၁၇ရက်နှင့် ၂၁ ရက်အကြားတွင် အခိုးခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ခန့်မှန်းပြောကြားသည်။

အမျိုးသားအစောင့်တပ်မှ အရာရှိများသည် ဇူလိုင် ၂၁ရက်က စစ်စခန်း၏စတိုခန်းကိုစစ်ဆေးရန် သွားရောက်ခဲ့ရာတွင် သော့ခလောက်မှာ ဖွင့်မရဖြစ်ခဲ့ကြောင်း၊ ယင်းနောက် ထိုအခန်းထဲရှိ ဖောက်ခွဲရေးပစ္စည်းများ ပျောက်ဆုံးနေသည်ကို သတိမူမိခဲ့ကြကြောင်းသိရသည်။

စစ်ဆေးတွေ့ရှိ

အဆိုပါစတိုခန်းအား မူလကခတ်ထားသောသော့ခလောက်ကို မသမာသူများက ဖျက်ဝင်ခဲ့ကြပြီး သော့ခလောက် အသစ်ဖြင့်ခတ်ခဲ့ကြကြောင်း နောက်ပိုင်းမှ ရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းများ အခိုးခံရသောနေရာသို့ ဇူလိုင် ၂၂ရက်က ဆိုက်ပရပ်စ်ကာကွယ်ရေးဝန်ကြီး လာရောက်စစ်ဆေးကာ ဖောက်ခွဲရေးပစ္စည်းများ ခိုးယူခံခဲ့ရသည့်ပြဿနာကို အလေးအနက်ထားကိုင်တွယ်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

စုံစမ်းထောက်လှမ်း

အဆိုပါသူခိုးများသည် အတွင်းလူ ကူညီမှုဖြင့် ဖောက်ခွဲရေးပစ္စည်းများကို ခိုးယူနိုင်ခဲ့သည်ဆိုသည့် ဖြစ်နိုင်ဖွယ်အချက်ကိုထည့်သွင်းသုံးသပ်ကာ ဒေသန္တရရဲတပ်ဖွဲ့နှင့် အမျိုးသားအစောင့်တပ်ဖွဲ့တို့ပူးပေါင်း၍ စုံစမ်းထောက်လှမ်းလျက်ရှိသည်။

သတ္တုအထူးသဖြင့် သံမဏိနှင့်ပြုလုပ်ထားသောပစ္စည်းများ ဖြတ်တောက်ရာတွင် အသုံးပြုနိုင်ရန် အထူးတပ်ဖွဲ့များအတွက် ပီဂျီ-၂ ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းကို တီထွင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘွန်နီအပူပိုင်းမုန်တိုင်း မက္ကဆီကိုပင်လယ်ကွေ့ကို ဖြတ်သန်းနိုင် ရေနံပြင်ရှင်းလင်းရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းရဖွယ်ရှိ

မီယာမီ ဇူလိုင် ၂၃

ဖလော်ရီဒါပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်ရန်တာစူနေသော ဘွန်နီအပူပိုင်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ကို ဖြတ်သန်းမည့်လမ်းကြောင်းပေါ်တွင် တည်ရှိနေရာ ယင်းပင်လယ်ကွေ့၌ လုပ်ဆောင်နေသော ရေနံပြင် ရှင်းလင်းရေးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားရဖွယ်ရှိကြောင်း သောကြာနေ့ သတင်းများတွင်ဖော်ပြသည်။

ဘွန်နီမုန်တိုင်း၏အရှိန်ကြောင့် ဘဟားမားကျွန်းစုနှင့် အခြားအနိမ့်ပိုင်းကျွန်းအချို့တွင် မိုးရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများဖြစ်ပေါ်လျက်ရှိသည်။

ညွှန်ကြားထား

ယင်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ကို စနေနေ့တွင် ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိရာ ရေနံပြင်ရှင်းလင်းရေး လုပ်ငန်းလုပ်ဆောင်နေသော သင်္ဘောများကို ယင်းဒေသမှ ထွက်ခွာရန် ညွှန်ကြားထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ဘွန်နီမုန်တိုင်းသည် လေတိုက်နှုန်းတစ်နာရီမိုင် ၄၀ ရှိပြီး မီယာမီကမ်းရိုးတန်းအရှေ့တောင်ဘက် မိုင် ၈၀ ခန့်အကွာကို ဗဟိုပြုနေကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဓနုဖြူမြို့ တန် ၁၀၀ ဆန်စက်နှင့် မျိုးစေ့ထုတ်စံပြစိုက်ကွင်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ဓနုဖြူမြို့ တန် ၁၀၀ ဆန်စက်သို့ ရောက်ရှိပြီး ကြိတ်ခွဲထုတ်လုပ်မှု အဆင့်ဆင့်နှင့် ချိန်တွယ်ထုပ်ပိုးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဓနုဖြူမြို့ အုန်းပင်ကွင်းကျေးရွာ မျိုးစေ့ထုတ်စံပြစိုက်ကွင်း ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မျိုးစေ့ထုတ်စံပြစိုက်ကွင်း၌ စိုက်ပျိုးထားသော မျိုးသန့်များ အထွက်ကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလှူငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် ဟင်္သာတမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ခရိုင်အတွင်းရှိ ကျောင်းများအား ဂုဏ်ပြုပွဲသို့ တက်ရောက်အားပေးပြီး အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက စီမံကိန်း၏ အဓိကလုပ်ငန်းများအနက် ရေလွှဲရေထုတ်မြောင်းနှင့် ရေထိန်းမျှော်စင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေယူအဆောက်အအုံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေလျှံထိန်းစည် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ ဖိအားနိမ့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှုနှင့် သွန်းလောင်းရန် ကျန်ရှိမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်ရုံအတွင်း စက်မှု/လျှပ်စစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆွစ်ယာဒ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမွှာစုံထောက်(အပိုင်း-၂၃)**
၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -မမြင်နိုင်သော (ထွန်းထွန်း၊ သက်မွန်မြင့်) (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)**
၁း၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၄)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ စားဖို့ဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၃၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း(အပိုင်း-၆၄)**
၂၄။ လင်းရောင်စဉ်အတွက်ပုံရိပ်များ (အပိုင်း-၁၂)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ကြည့်ရှုစစ်ဆေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက် ဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စနစ်တကျရှိရေး၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်ရှုရပ်မှ ရေထိန်းမျှော်စင်နှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ပင်မတမံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပင်မတမံ တည်ဆောက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပင်မတမံပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေလျှံထိန်းစည် ဆောက်လုပ်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ်အတွင်း ဝင်ရောက်၍ ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှု၊ သွန်းလောင်းနေမှုနှင့် ကျန်ရှိမှုတို့ကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်အမှတ်(၁) Pit Liner တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၂) Spiral Casing တပ်ဆင်ပြီးစီးမှုနှင့် စက်အမှတ်(၃) Stay Ring တပ်ဆင်ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိပြီး စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ တစ်နှစ်လျှင် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၈ ဒသမ ၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောက်တန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၈ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျောင်းဆောင်သစ် လွှဲပြောင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် နာနတ်တောလမ်း ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ အမှတ်-၁၂/B (၄၃)ရှိ Family United Power Co., Ltd. မှ မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် သမင်ဘေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ အလှူရှင် Family United Power Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်တင်စိုးနှင့် မိသားစုများ ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Family United Power Co.,Ltd.တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးသို့ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထက်ပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ ကုန်ကျငွေ ကျပ်သိန်း ၁၅၀ ဖြစ်သည်။ Family United Power Co.,Ltd. သည် ၂၀၀၉ ခုနှစ် ဇွန် ၂၈ ရက်ကလည်း နွားထိုးကြီးမြို့နယ် မြေခြားကျေးရွာ၌ အလျားပေ ၉၀၊ အနံ ပေ ၃၀ရှိ အုတ်ညှပ်တစ်ထပ် မူလတန်းကျောင်းဆောင်သစ်တစ်ဆောင်ကို ကုန်ကျငွေ ကျပ် ၁၁၂ သိန်းဖြင့် လည်းကောင်း၊ ၂၀၀၈ ခုနှစ်က လားရှိုးမြို့ မန်စူကျေးရွာ (၁၂)ရပ်ကွက်၌ တွဲဖက်အလယ်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရာ၌ အလှူငွေကျပ်သိန်း ၁၅၀ ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၁၉)

Family United Power Co., Ltd. မှ လှူဒါန်းသော ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(၁၉)

သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ခြင်းအခမ်းအနား
တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၃

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်း စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်ပေးနေမှုနှင့် တောင်ကြီးမြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းဝတ်စုံပေးအပ်

တိုင်းမှူးသည် ဇူလိုင် ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များသို့ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား
ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား SINO Truck Limited မှ Mr. Yang Zheng Xu ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အရေးကြီးသည့် မော်တော်ယာဉ်သုံး စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ASEAN Strategic Transport Plan- ASTP (2011- 2015)
ရေးဆွဲနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောVientiane Action Programme (VAP) (2004-2010) သည် ယခုနှစ်ကုန်တွင် ပြီးဆုံးမည်ဖြစ်ရာ အာဆီယံပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း (ASEAN Strategic Transport Plan-ASTP) (2011- 2015)ရေးဆွဲရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ERIA (Economic Research Institute for ASEAN and East Asia) မှ ကျွမ်းကျင်သူများပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်၍ ASTP စီမံကိန်း(မူကြမ်း)တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ လှည့်လည်သွားရောက်ပြီး ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ သက်ဆိုင်ရာနိုင်ငံများ၏ စီမံကိန်း ရေးဆွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်၊ အကြံပြုချက်၊ ဖြည့်စွက်လိုသည့် ကိစ္စရပ်များ အပါအဝင် နိုင်ငံများ၏ လက်ရှိအခြေအနေ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

ယခုအခါ အဆိုပါ ကျွမ်းကျင်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ASTP (2011-2015) ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် ERIA (Economic Research Institute for ASEAN and East Asia) မှ အဖွဲ့ခေါင်းဆောင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၅ နာရီထိ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ASEAN Strategic Transport Plan- ASTP (2011- 2015) ရေးဆွဲနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရောဝတီတံတား (မလွန်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေလမ်းကြောင်း သတ်မှတ်ထားကြောင်း နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၃

တည်ဆောက်ဆဲ ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

ဖြတ်သန်းရမည့် ရေလယ်တိုင်များဖြစ်သော ရေလယ်တိုင်အမှတ်(၂)၏ တိုင်အမှတ်ကို ယင်းတိုင်၏ ငြမ်းစင်တွင် ရေးသားထားပြီး ရေမြုပ်နေမည့် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)နေရာများတွင် ရေယာဉ်များအား ကျောက်ချရပ်ထားကာ ယင်းရေယာဉ်များပေါ်တွင် ရေလယ်တိုင်အမှတ်များကို ရေးသားထားသည်။ ဖြတ်သန်းခြင်းမပြုရမည့် ရေမြုပ်နေသော တံတားတိုင်နေရာများတွင် ရေယာဉ်များ ကျောက်ချရပ်နားထားကာ ရေယာဉ်များပေါ်တွင် ရေကြောင်းပိတ် အမှတ်အသားပြသထား၍ ညအခါ မီးနီထွန်း ပြသထားသည်။

ရေကြောင်းသတင်းရယူ

သတ်မှတ်ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ၉၈ မီတာရှိသည်။တည်ဆောက်ရေးလုပ်ငန်းခွင်၏ အထက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေယာဉ်တစ်စင်းဖြင့်လည်းကောင်း၊ အောက်ဘက်တွင် ရေကြောင်းပြ ပဲ့ထောင်ရေယာဉ်ဖြင့်လည်းကောင်း ရေကြောင်းသတင်းပေးရန် ဆိုက်ကပ်ထားပြီး ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် ယင်းရေယာဉ်များမှ ရေကြောင်းသတင်းရယူပြီးမှ ဖြတ်သန်းကြရန်ဖြစ်သည်။

အစုန်ဦးစားပေး

တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် သတ်မှတ်ရေလမ်းအတွင်း ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွားထိုးကြီးမြို့နယ် အခြေခံပညာမူလတန်းကျောင်း၌
ကျောင်းဆောင်သစ် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဘူးသီးကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အာရ်စီကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက်တွင် အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံ ပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ အလှူရှင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်ရှိ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ရုံနှင့် Myanmar Chancellor Construction ကုမ္ပဏီလီမိတက်မှ ဦးအောင်ကြည်-ဒေါ်တင်လှိုင်နှင့်သား ဦးသိန်းထွန်းအောင် (မန်နေဂျင်းဒါရိုက်တာ) မိသားစုက ငွေကျပ်သိန်း ၁၅၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အလှူရှင်များသည် ၂၀၀၃ ခုနှစ်တွင် နွားထိုးကြီးမြို့နယ် မြို့မအလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင်၊ ၂၀၀၉ ခုနှစ်တွင် ကဒေါင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင်နှင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နွားထိုးကြီးမြို့နယ်ရှိ စာသင်ကျောင်းများအတွက် ဗလာစာအုပ် ဒါဇင်လေးထောင်ကျော် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

လယ်ဝေးအားကစားကွင်း အုပ်စု(င)

ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်ဂိုး
(ပြည့်ဖြိုးအောင်နှင့်ထက်ဦးဟန်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်) ဦးထွန်းရှင်
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၂၄ ရက်ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

News Watch စောင့်ကြည့်ဂျာနယ်
အတွဲ(၆)၊ အမှတ်(၂) ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၃

ရောင်းသူဝယ်သူ အပြိုင် စောင့်ကြည့်နေကြတဲ့ ကားဈေးကွက်၊ GSM ကတ်များ ငါးသိန်းတန်တွင် သုံးမရ၊ နိုင်ငံခြားသို့ ခေါ်ဆိုနိုင်ရန် ငါးသိန်းတန်ဖုန်းများ ကတ်လဲသုံးရမည်၊ စားအုန်းဆီ ကိုယ်စားလှယ်များအတွက် သတ်မှတ်ဈေးနှုန်းသစ်နှင့် ရောင်းချမည့် မြို့နယ်စာရင်းထုတ်ပြန်၊ အောင်မင်္ဂလာအဝေးပြေး၌ ဆိုင်ခန်းများ တိုးချဲ့ဆောက်လုပ် ပြောင်းရွှေ့မည်ဆိုသော သတင်းမှာ မဟုတ်မှန်ဟုဆို၊ နံပါတ်မထင်ရှားသော မော်တော်ယာဉ်များ ထိရောက်စွာအရေးယူမည်၊ နေ့ပြန်တိုးနှင့် အိမ်၊ ခြံ၊ အပေါင်ခံစားသူများ၏ နည်းဗျူဟာစာချုပ်၊ တရားမဝင် အနှိပ်ခန်းလုပ်ကိုင်သူများနှင့် အနှိပ်မများ ဖမ်းဆီးအရေးယူ၊ ရန်ကုန်အပါအဝင် နယ်မြို့များတွင်ပါ ပုဂ္ဂလိကသားသတ်ရုံများ ထူထောင်နိုင်ရန် စီစဉ်နေ၊ ကလေးငယ်များကို မဲလိမ်ရောင်းချခြင်းတစ်မျိုး ခေတ်စားနေ၊ မယ်မင်းကြီးမရဲ့ ရယ်၍ငို၍ မရတဲ့မျက်နှာ၊ မန္တလေးသားများကို ဆန်းသစ်သည့် အခွင့်အရေးများဖြင့် ကွန်ဒိုတိုက်ခန်းများရောင်းချရန် ဆွဲဆောင်ရေး၊ ကိုရီးယားလူငယ် Pop မိန်းကလေးအဖွဲ့ f(x)၊ ဆန်ယိုရီနှင့် အလှတရား၊ အချစ်ဆိုတာ အလွန်မွန်မြတ်တဲ့ ခံစားမှုတစ်မျိုးလို့ ဆိုလာတဲ့ ဂိုဆို၊ ဆယ်နှစ်ကျော်ကြာ အရှောင်အတိမ်းကောင်းခဲ့သော မူးယစ်ရာဇာကို ဖမ်းမိပြီ၊ မိသားစုရေကူးကန်အတွင်း ပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ရသည့် အမြွာပူးညီအစ်မ၊ တတိယကမ္ဘာဆိုသော နိုင်ငံများအကြောင်း၊ ထိုင်းပြဿနာ ဘယ်လိုဖြေရှင်း ပြေလည်နိုင်မလဲ စသည့် ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ သတင်းများ ဝေဝေဆာဆာဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၄/၂၀၁၀) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း ရွှေလုပ်ငန်းရှင် အသင်းများက မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)က နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပရေးနှင့် အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ သဘာပတိ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၄/၂၀၁၀) အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသား အသက်(၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Uno အသင်းက Joker အသင်းကို ၇၇မှတ်-၄၀မှတ်ဖြင့်လည်းကောင်း၊ K.K.S အသင်းက Venom အသင်းကို ၇၉မှတ်-၆၂မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသမီးအလွတ်တန်း ပတ်လည်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက Precious အသင်းကို ၆၆မှတ်-၆၂ မှတ်ဖြင့် လည်းကောင်း၊ အမှတ်(၁)စက်မှု (A) အသင်းက အမှတ်(၁)စက်မှု(B) အသင်းကို ၇၄မှတ်- ၄၂မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအလွတ်တန်းပြိုင်ပွဲ၏ ပထမအကြို ဗိုလ်လုပွဲတွင် Lion အသင်းက Fire Wolf (A) အသင်းကို ၇၉မှတ်-၇၀မှတ်ဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် D.G.H အသင်းက Fire Wolf (B) အသင်းကို ၉၁မှတ်-၆၆မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်သွားကြသည်။

ပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် တတိယနေရာလုပွဲပွဲစဉ်ကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသား အလွတ်တန်းပြိုင်ပွဲ၏ တတိယနေရာလုပွဲပွဲစဉ်၌ Fire Wolf (A)အသင်းနှင့် Fire Wolf (B) အသင်း၊ အမျိုးသားအသက် (၁၈)နှစ်နှင့်အောက် ဗိုလ်လုပွဲ ပွဲစဉ်၌ Uno အသင်းနှင့် K.K.S အသင်း၊ အမျိုးသမီးအလွတ်တန်း ဗိုလ်လုပွဲပွဲစဉ်၌ အမှတ်(၁) စက်မှု(A) အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ အမျိုးသားအလွတ်တန်းဗိုလ်လုပွဲ ပွဲစဉ်၌ Lion အသင်းနှင့် D.G.H အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအလွတ်တန်း ပထမအကြို ဗိုလ်လုပွဲတွင် Lion **အသင်းနှင့်** Fire Wolf(A) **အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။**
(ဘတ်စကက်ဘောအဖွဲ့ချုပ်)

ကြိုဆို နှုတ်ဆက်

ဇူလိုင် ၂၃ရက်က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Youssef Kamal Botros Hanna ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

Lenovo အထူးဈေးရောင်းပွဲတော်ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၃

မြန်မာတစ်နိုင်ငံလုံးတွင် Lenovo Notebook အထူးဈေးရောင်းပွဲကြီးကို ဇူလိုင်၂၃ ရက်မှ ဇူလိုင် ၃၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Lenovo Productများကို မြန်မာနိုင်ငံအတွင်း ၂၀၀၉ ခုနှစ် ဩဂုတ်လမှ စတင်၍ တင်သွင်း ရောင်းချလာခဲ့ရာ ဈေးနှုန်းမှန်ကန်မှု၊ Function စုံလင်ပြီး အရည်အသွေးကောင်းမွန်မှု၊ Serviceပိုင်းဆိုင်ရာ ဝန်ဆောင်မှု တိကျကောင်းမွန်မှုတို့ကြောင့် အချိန်တိုအတွင်း လူကြိုက်များသော Brand တစ်ခုဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း၊ Lenovo Notebook အသုံးပြုသူများ လွတ်လပ်ပေ့ါပါးစွာနှင့် ပျော်ရွှင်စွာအသုံးပြုနိုင်သော နည်းပညာနှင့် Function များပါဝင်ပြီး မျက်နှာဖြင့် Login ဝင်နိုင်သော စနစ် (Veriface-Face Recognization Technology)၊ သင်၏ ရုပ်ပုံနှင့် လှုပ်ရှားမှုများကို အသွင်အပြင်အမျိုးမျိုးနှင့် နောက်ခံ Back-ground များကို ပြောင်းလဲ၍ ဓာတ်ပုံရိုက်ယူနိုင်သော You Cam 3.0 စသည်တို့ ပါဝင်သည့်အပြင် လုံခြုံမှုဆိုင်ရာ နည်းပညာပိုင်းတွင်လည်း USB Port များမှတစ်ဆင့် အရေးကြီးအချက်အလက်များကို ကူးယူခြင်းမှ ကာကွယ်နိုင်သော USB Port Locker၊ Finger Print Reader တွင်လက်ဗွေရာနှိပ်လိုက်မှသာ အရေးကြီးအချက်အလက်များကို ဖော်ပြပေးသော Yo-Safeနည်းပညာတို့လည်း စုံစုံလင်လင် ပါဝင်ကြောင်း၊Intel ၏ နောက်ဆုံး ထွက်ရှိလာသော Core i Series Note-book အများအပြားကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး နောက်ဆုံးပေါ် Updated နည်းပညာများ ပါဝင်သော ideapad Z460 Notebookကိုလည်း ပြသပေးသွားမည်ဖြစ်ကြောင်း၊ Notebook ဝယ်ယူသူများအနေဖြင့် Service ဝန်ဆောင်မှုအပိုင်းနှင့်အပိုပစ္စည်းထောက်ပံ့ပေးနိုင်မှုတို့ကိုထည့်သွင်းရွေးချယ် ဝယ်ယူလာကြရာ Warranty ကာလအတွင်း စက်ချို့ယွင်းမှု တစ်ခုခုကြုံတွေ့ခဲ့လျှင် လွယ်ကူ အဆင်ပြေစွာပြင်ဆင်နိုင်ရန်နှင့် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရမှုမရှိစေရန်၊ Warranty ကာလကျော်သွားလျှင်လည်း အပိုပစ္စည်းများပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ရန် Lenovo Authorised Ser-vice Centre ကိုလည်း အမှတ် ၁၇၀-၁၈၄၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)တွင် ဖွင့်လှစ်ပေးထားကြောင်း သိရှိရသည်။

Lenovo အထူးဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချပေးမည့်ဆိုင်ကြီးများမှာ ရန်ကုန်မြို့တွင် KMD, Techno-land, ICE, INNWA, King Em-pire, UNIQUE, MRS, TPP, Citicom, Royal Tech, Neo Tech, Asia Tech, King Service Wisdom, Rebirth, Fidonet, Ac-cess Spectrum, The Radiance, Chan Myae, Perfect, ideaLink, iCom, iRevo, Apex , Top Power၊ မန္တလေးမြို့တွင် KMD, Technoland, INNWA, MRS,DCD, MAT, My Com, iNet, NTG တို့နှင့် နေပြည်တော်တွင် KMD တို့၌ ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ပညာသင် ကျောင်းသား၊ကျောင်းသူများ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာစာ အဆင့်မြင့် (၁)နှစ်သင်တန်း၊ မြန်မာစာ အခြေခံ(၁)နှစ် သင်တန်းနှင့် မြန်မာစာကျွမ်းကျင်မှု သင်တန်းတို့တွင် တက်ရောက်နေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်ပြည်နယ် စီးပွားရေးနှင့် ဘဏ္ဍာရေးတက္ကသိုလ် (အာဆီယံကောလိပ်)၊ယူနန်တိုင်းရင်းသား လူမျိုးစုတက္ကသိုလ် (အရှေ့တောင်အာရှတောင်အာရှဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်)၊ စစ်ဆောင်ပန်းနား ပြည်နယ်ခွဲ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကောလိပ်နှင့် ကွမ်ရှီး(ကွမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကွမ်ရှီးတိုင်းရင်းသား လူမျိုးစုတက္ကသိုလ် (ရှမ်းစီးဟူကောလိပ်)တို့မှ တရုတ်ပညာသင်ကျောင်းသား ကျောင်းသူများ၏ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးမိုးမိုးတို့က အဖွင့်အမှာစကားပြောကြားကြပြီး ဒိုင်အဖွဲ့ဥက္ကဋ္ဌ သမိုင်းဌာန တွဲဖက်ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မာဆွေက ပြိုင်ပွဲစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင် ၂၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲ အခမ်းအနားကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ်က "အနှစ်သက်ဆုံး မြန်မာ့စားစရာ" ခေါင်းစဉ်ဖြင့် ပူးတွဲပထမဆုရရှိသော Ms. Fu Zheng Yan (မဇူလိုင်မိုး)နှင့် " မမေ့နိုင်သော ခရီးတစ်ခေါက်" ခေါင်းစဉ်ဖြင့် ပူးတွဲ ပထမဆုရရှိသော Ms. Chen Yuan (မနုနုဝင်း)၊ " အနှစ်သက်ဆုံး စာအုပ်တစ်အုပ်" ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသော Ms. Chen Ling Min (မထက်ထက်)နှင့် " မြန်မာ့ရိုးရာ အားကစားတစ်ရပ်" ခေါင်းစဉ်ဖြင့် တတိယဆုရရှိသော Ms.Yang Cunjie (မကလျာ)တို့အား လည်းကောင်း၊ မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး)က " ရှုခင်းသာယာပြည်မြန်မာ"ခေါင်းစဉ်ဖြင့် နှစ်သိမ့်ဆုရရှိသော Ms.Tan Mei Sheng (မယုဇနဝင်း)နှင့်"ကျွန်ုပ်၏ ရည်မှန်းချက်" ခေါင်းစဉ်ဖြင့် နှစ်သိမ့်ဆုရရှိသော Ms. Zhai Wen Xin (မအေးသီတာ)တို့အား ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြလမ်း မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်း မေတ္တာညွှန့်နေ ဦးထွန်းလင်းအောင်-ဒေါ်သီဂီဦး၊သား-မောင်လင်းမြတ်အောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းဆေးပဒေသာပင်အတွက် အလှူငွေကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘညာဏ်လက်ခံယူစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂၄-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော်**(ပုဗ္ဗဏှသုတ်)**
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း) တေးပဒေသာ
၈း၄၀	ဘဝအသွင်ကဗျာ့အမြင် (ချစ်မိုးဖြိုင်ဖြိုင်လဇူလိုင်---) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင် -ဇီရိယရှင် ပုံပြင်)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ **(အနှစ် ၂၀ကြာပြီးနောက်)** တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၅၉)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဝါဆို)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (အထက်တန်း-ရူပဗေဒ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးတေးပန်းခြီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	သူ့အကြိုက်သူ့အသွင် (ပုလဲဝင်း)
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်မန်ကျည်းသီး) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet (22)
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး။

ယာဉ်စည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်ကြည်ကြည်အိ ခေါင်းဆောင်သောအဖွဲ့သည် ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းမကြီး (ပြည်ထောင်စု ခုံးကျော်တံတားအနီး)ပေါ်၌ မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ၊ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် သတ်မှတ်ယာဉ်များ မောင်းနှင်ခြင်း ရှိ၊ မရှိ၊ စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(ကညန)

❍ ရွှေဖုံးမှ

မရှိခဲ့ခြင်းနဲ့ မူဝါဒချမှတ်အကောင်အထည်ဖော်မှု အားနည်းခဲ့ခြင်းတို့ကြောင့် စက်မှုကဏ္ဍမှာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ နောက်ကျ ကျန်ရစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ တစ်နေ့တခြား တိုးတက်လာတာနဲ့အမျှ စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်တွေ ပိုမိုမြင့်မားလာပြီး အလုပ်အကိုင်ရှားပါးမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးမှုနောက်ကျခဲ့ခြင်းကြောင့် လူသုံးကုန်ပစ္စည်းတွေနဲ့ပတ်သက်ရင် အိမ်နီးချင်းနိုင်ငံတွေအပေါ် အမှီသဟဲပြုခဲ့ရပါတယ်။

စက်မှုကဏ္ဍဖွံ့ဖြိုးမှုအတွက် သံမဏိကုန်ကြမ်းထုတ်လုပ်ပေးသော ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်ရှိ အမှတ် (၂) သံမဏိစက်ရုံ (မြောင်းတကာ)ကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော်လာခဲ့ရာမှာ စက်မှုကဏ္ဍကိုလည်း အရှိန်အဟုန်နဲ့ မြှင့်တင်လာခဲ့ပါတယ်။ စားရေးဖူလုံဖို့အတွက် စိုက်ပျိုးရေးကို ဦးစားပေးဖော်ဆောင် အောင်မြင်စေခဲ့သလို တစ်ဖက်ကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာမှာ အရေးပါတဲ့ စက်မှုကဏ္ဍကို အာရုံစိုက် လုပ်ဆောင်လာခဲ့ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော် တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်ဟာ မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ကုန်ကြမ်းပစ္စည်းနဲ့ ငွေကြေးအရင်းအနှီး ဘယ်လောက်ပင် ပြည့်စုံစေကာမူ လူ့စွမ်းအားအရင်းအမြစ် (ကျွမ်းကျင်တဲ့စက်မှုပညာရှင်တွေ၊ လုပ်သားတွေ) မပြည့်စုံရင် ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်တည်ဆောက်လို့ မဖြစ်နိုင်ပါဘူး။

၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံမှာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံရဲ့ အကူအညီနဲ့ တည်ထောင်ခဲ့တဲ့ စက်မှုသင်တန်းကျောင်း (ဆင်တဲ)သာ ရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ စက်မှုသင်တန်းကျောင်း သုံးခုကို ထပ်မံတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့လို့ အခုဆိုရင် စက်မှု သင်တန်းကျောင်း လေးကျောင်းအထိ ရှိလာပြီဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အကူအညီနဲ့ ၂၀၀၈ ခုနှစ်မှာ စက်မှုသင်တန်းကျောင်း (မန္တလေး)ကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံရဲ့ အကူအညီနဲ့ ၂၀၀၉ ခုနှစ်မှာ စက်မှု သင်တန်းကျောင်း(သာဂရ)ကိုလည်းကောင်း၊ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၅ ရက်မှာ အိန္ဒိယသမ္မတနိုင်ငံရဲ့ အကူအညီနဲ့ တည်ဆောက်ခဲ့တဲ့ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံရဲ့ အထောက်အပံ့နဲ့ မော်တော်ယာဉ်ဆိုင်ရာ ဘာသာရပ်တွေကို အထူးပြုသင်ကြားပေးမယ့် စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းကိုလည်း မကွေးတိုင်း မကွေးစက်မှုနယ်မြေမှာ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိပါတယ်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုသင်တန်းကျောင်း (သာဂရ)နဲ့ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့မှာ စက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း၊ စက်ရုံပစ္စည်း ဖစ်တာသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ လျှပ်စစ်ပညာသည်သင်တန်း၊ လျှပ်စစ်စက်ပစ္စည်း ထုတ်လုပ်သူသင်တန်း၊ သွန်းလောင်း ပုံသွင်း ပုံစံထုတ်လုပ်သူသင်တန်း၊ စက်မှုပုံဆွဲသင်တန်း၊ ကွန်ပျူတာသုံး စက်ပစ္စည်း ခုတ်စားမှု၊ စက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကွန်ပျူတာနှင့် ကွန်ပျူတာသုံး ဒီဇိုင်း ထုတ်လုပ်မှုသင်တန်း၊ ဂဟေဆော်ခြင်း၊ မျက်နှာပြင်အရောင်တင်နှင့် အမာတင်သင်တန်း၊ စက်ရုံပစ္စည်း ပညာသည်သင်တန်း၊ အီလက်ထရွန်နစ်ပညာသည်သင်တန်း၊ တွင်ခုံကိုင်တွယ် မောင်းနှင်မှုသင်တန်း၊ ကြိတ်ခုံကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ အမာတင် လုပ်ငန်းလုပ်သားသင်တန်း၊ သံထည်နှင့် သံဂဟေဆက်လုပ်သားသင်တန်းနှင့် TIG/ MIG သံဂဟေဆက် လုပ်သားသင်တန်းစတဲ့ သင်တန်းမျိုးစုံကို သင်ကြားပို့ချပေးလျက်ရှိပါတယ်။

အဲဒီစက်မှုသင်တန်းကျောင်းတွေကနေ ကျွမ်းကျင်ထက်မြက်တဲ့ စက်မှုလုပ်သားတွေကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်မှုတွေဟာ စက်မှုဖွံ့ဖြိုးတိုးတက်ရေးမှာ မရှိမဖြစ်အရေးပါတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားပြီး မှန်မြတ်တဲ့စေတနာနဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေပဲ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် မတိုင်မီက အမှတ်(၂)စက်မှုဝန်ကြီးဌာန လက်အောက်မှာ စက်ရုံကိုးရုံသာ ရှိခဲ့ရာက ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ နောက်ထပ်စက်ရုံပေါင်း ၁၃ ရုံအထိ တိုးတက်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့တာကြောင့် အခုဆိုရင် စက်ရုံပေါင်း ၂၂ ရုံအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း အမှတ်(၂)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံတွေကတော့ ရန်ကုန်တိုင်းမှာ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ လျှပ်စစ်မီတာစက်ရုံ၊ LED မီးလုံးစက်ရုံ၊ အောက်ဆီဂျင်စက်ရုံနဲ့ အက်ဆက်တလင်း ထုတ်လုပ်မှုစက်ရုံ၊ ပဲခူးတိုင်းမှာ အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)၊ မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံ(ဆင်တဲ)၊ Coppering Casting & Ralling စက်ရုံ၊ Enamelled Copper Wire စက်ရုံ၊ Hydro Turbine & Generator စက်ရုံ(သာဂရ)၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံ (သာဂရ)၊ Power Cable စက်ရုံ၊ Battery အိုးစက်ရုံနဲ့ အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)၊ မကွေးတိုင်းမှာ အမှတ်(၂) လယ်ယာသုံး ပစ္စည်းစက်ရုံ(မလွန်)နဲ့ စက်နှင့် စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံ (မြိုင်)၊ မွန်ပြည်နယ်မှာ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု စက်ရုံနဲ့ အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)တို့ ဖြစ်ပါတယ်။ တည်ဆောက်ဆဲအနေနဲ့ မကွေးတိုင်းမှာ အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (မကွေး)ကို ဆောင်ရွက်လျက်ရှိပါတယ်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံ ၂၂ ရုံကို ထုတ်လုပ်မှုအမျိုးအစား တူရာအလိုက်ပေါင်းစည်းပြီး နောက်ဆုံးပြင်ဆင်သတ်မှတ်ခဲ့ရာ လက်ရှိမှာ စက်ရုံ ၁၃ ရုံနဲ့ ထုတ်လုပ်ရေးဌာနတစ်ခုရှိပါတယ်။ အဲဒီစက်ရုံ ၁၃ ရုံနဲ့ထုတ်လုပ်ရေးဌာနတစ်ခုတို့ကို လုပ်ငန်းအဖွဲ့အစည်း လေးခုနဲ့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ထုံးဘို)၊ အမှတ်(၃)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ (သာဂရ)နဲ့ မြေထိုးမြေတူး ယန္တရား ထုတ်လုပ်မှုစက်ရုံ (သာဂရ)တို့ ဖြစ်ပါတယ်။

မြန်မာ့တာယာနဲ့ ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာ အမှတ်(၁) တာယာနဲ့ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ(သထုံ)၊ အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု စက်ရုံ (ဘီးလင်း)နဲ့ ရော်ဘာဌာန (မရမ်းကုန်း)တို့ပါဝင်ပါတယ်။

မြန်မာ့ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှု အောက်မှာ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)နဲ့ အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ (မလွန်)တို့ ပါဝင်ပါတယ်။

ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

မြန်မာ့စက်ကိရိယာနဲ့ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာ အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှု စက်ရုံ(မြိုင်)နဲ့ ရေအား လျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးထုတ်လုပ်မှုစက်ရုံ (သာဂရ) တို့ ပါဝင်ပါတယ်။ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတွေကနေ လူစီးမော်တော်ယာဉ်တွေ အဖြစ် Myanmar Single Cab (MSC), Sport Utility Vehicle (SUV), Myanmar Double Cab (MDC), Estate Wagon Jeep (EW-1), Pathfinder (EW-2), Myanmar Electric Vehicle (MEV), TE-21 (Truck), Myanmar Station Wagon (MSW) တို့ကိုလည်းကောင်း၊ လုပ်ငန်းခွင်သုံး စက်ယန္တရားတွေအဖြစ် 3 Ton Forklift , Bulldozer, Excavator , Mini Excavator , Vibratory Soil Compactor, 3 Wheel Road Roller တို့ကို စတင်ထုတ်လုပ်နေပြီဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက Mazda Jeep နဲ့ TE-21 (Truck) တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့ပေမယ့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ မော်တော်ယာဉ်အမျိုးအစားပေါင်း ၁၄ မျိုးအထိ ထုတ်လုပ်လာနိုင်ခဲ့ပါတယ်။

မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှု အောက်မှာရှိတဲ့ တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံတွေကနေ တာယာအမျိုးအစားတွေအဖြစ် လူစီးမော်တော်ယာဉ်တာယာ၊ အပေါ့စားကုန်တင်ယာဉ်တာယာ၊ အကြီးစားကုန်တင်ယာဉ်တာယာနှင့် လယ်ယာသုံး မော်တော်ယာဉ်တာယာ၊ ရော်ဘာအမျိုးအစားတွေ အဖြစ်

အမှတ်(၂) စက်မှုဝန်ကြီးဌာန လျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထု

ခရမ့်ရော်ဘာ(Crumb Rubber)နှင့် မှိုင်းခံရော်ဘာ(Ribbed Smoked Sheed Rubber) တွေကိုထုတ်လုပ်လျက်ရှိပါတယ်။

မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှု အောက်မှာရှိတဲ့ လယ်ယာသုံးစက်ပစ္စည်းစက်ရုံတွေကနေ ဘက်ထရီအားသုံးကောက်ရိတ်စက်၊ ရော(၁) လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လေးလက်မ ရေစုပ်စက်၊ လေးလက်မ အမြင့်တင်ရေစုပ်စက်၊ ဇွဲလယ်ထွန်စက်၊ လယ်သမားသုံးစက်ကိရိယာများဖြစ်တဲ့ ပေါက်တူး၊ ဂေါ်ပြား၊ ပေါက်ချွန်းနဲ့ ပုဆိန်၊ ထော်လာဂျီ၊ လေးတန်နောက်တွဲယာဉ်၊ သုံးသွားထယ်၊ ၁၆ သွားထွန်၊ အငယ်စားလယ်ထွန်စက် (Mini Tractor)၊ သုံးဘီးလမ်းကြိတ်စက်တို့ကို ထုတ်လုပ်

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း (မကွေး)စီမံကိန်းကို တွေ့ရစဉ်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန သွင်းကုန်အစားထိုး ရေအား လျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။

ခရမ်းရော်ဘာ(Crumb Rubber)နှင့် မှိုင်းခံရော်ဘာ(Ribbed Smoked Sheed Rubber) တွေကိုထုတ်လုပ်လျက်ရှိပါတယ်။

မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ လယ်ယာသုံးစက်လျက်ရှိပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက ပစ္စည်း ၁၅ မျိုး ထုတ်လုပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပစ္စည်းလေးမျိုး ထပ်မံထုတ်လုပ်နိုင်ခဲ့တာမို့ အခုဆိုရင် လယ်ယာသုံးစက်ကိရိယာ ၁၉ မျိုး ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်။

erator တို့ကို ထုတ်လုပ်လျက် ရှိပါတယ်။

၁၉၈၈ ခုနှစ် မတိုင်မီက ဘက်ထရီအိုး၊ အောက်ဆီဂျင်ဓာတ်ငွေ့နဲ့ အက်ဆက်တလင်း ဓာတ်ငွေ့တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ စက်ကိရိယာနဲ့ အီလက်ထရွန်နစ်ပစ္စည်း အမျိုးအမည်စုစုပေါင်း ၃၅ မျိုး အထိ ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်။

ပိုင်း)ခရိုင်စက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်၊ ဟသ်ာတစက်မှုဇုန်၊ မော်လမြိုင်စက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်၊ ရေနံချောင်းစက်မှုဇုန်၊ ပုသိမ်စက်မှုဇုန်၊ မြိတ်စက်မှုဇုန်၊ ပြည်စက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန်နဲ့ ကလေးစက်မှုဇုန်တို့ဖြစ်ပါတယ်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံတွေက

ပစ္စည်းစက်ရုံတွေကနေ ဘက်ထရီအားသုံးကောက်ရိတ်စက်၊ ရော(၁) လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လေးလက်မ ရေစုပ်စက်၊ လေးလက်မ အမြင့်တင် ရေစုပ်စက်၊ ဇွဲလယ်ထွန်စက်၊ လယ်သမားသုံးစက်ကိရိယာများဖြစ်တဲ့ ပေါက်တူး၊ ဂေါ်ပြား၊ ပေါက်ချွန်းနဲ့ ပုဆိန်၊ ထော်လာဂျီ၊ လေးတန်နောက်တွဲယာဉ်၊ သုံးသွားထယ်၊ ၁၆ သွားထွန်၊ အငယ်စားလယ်ထွန်စက် (Mini Tractor)၊ သုံးဘီးလမ်းကြိတ်စက်တို့ကို ထုတ်လုပ်

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်ရုံတွေကနေ စက်ပစ္စည်းကိရိယာ ၂၁ မျိုး ၊ ကြေးကြိုးအမျိုးမျိုးဖြစ်တဲ့ PVC Cable, Bare Copper Wire, Enamelled Rod နှင့် Power Cable၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းတွေ ဖြစ်တဲ့ Solar , LED မီးသီး၊ ဘက်ထရီအိုး၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အက်ဆက်တလင်း ဓာတ်ငွေ့၊ လျှပ်စစ်မီတာ၊ Transformer , Turbineနဲ့ Gen-

ဒီနေ့ကာလမှာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မယ်ဆိုတာကို အားလုံးလက်ခံထားကြပြီး ဖြစ်ပါတယ်။ ‘သံသေတစ်ပြည်ဝ’ဆိုတဲ့ ဆိုရိုးစကားဟာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တိုင်းပြည်သာယာဝပြောနိုင်တယ်ဆိုတာ ညွှန်းဆိုလျက်ရှိပါတယ်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်းသာမက ပုဂ္ဂလိကကဏ္ဍ ကပါ ပူးပေါင်း ပါဝင်မှုသာ အောင်မြင်နိုင်မှာဖြစ်လို့ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှာ စုစုပေါင်း စက်မှုဇုန် ၁၈ ဇုန် ထူထောင်ပေးနိုင်ခဲ့ပါတယ်။ အဲဒီစက်မှုဇုန်တွေကတော့ မန္တလေးစက်မှုဇုန်၊ မြင်းခြံ စက်မှုဇုန်၊ ရန်ကုန်(အရှေ့ပိုင်း) ခရိုင်စက်မှုဇုန်၊ ရန်ကုန်(အနောက်ပိုင်း) ခရိုင်စက်မှုဇုန်၊ရန်ကုန်(တောင်ပိုင်း) ခရိုင်စက်မှုဇုန်၊ ရန်ကုန်(မြောက်

မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များကို တွေ့ရစဉ်။

အသစ်ထုတ်လုပ်လိုက်တဲ့ မော်တော်ယာဉ်တွေနဲ့ လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ပြပွဲကို ဇွန် ၂၃ ရက်နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှာ ကျင်းပခဲ့ပါတယ်။ အဲဒီပြပွဲမှာ အမှတ်(၂)စက်မှုဝန်ကြီးဌာနမြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်တဲ့ Myanmar Double Cab, Myanmar Single Cab, Sport Utility Vehicle (SUV), Myanmar Station Wagon (MSW), Myanmar Micro Bus (15-Seater), Myanmar Mini Bus (29-Seater), Pathfinder၊ Estate Wagon Jeep စတဲ့ မော်တော်ယာဉ်တွေ၊ နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေဖြစ်တဲ့ ဘက်ထရီခြောက်တွေ၊ ပြုပြင်ထိန်းသိမ်းရန် မလိုအပ်တဲ့ သက်တမ်းကြာရှည်ခံ ဘက်ထရီတွေ၊ LED မီးသီးအမျိုးမျိုး၊ တပ်ဆင်ထုတ်လုပ်နေတဲ့ Controller နဲ့ Inverter တွေကို ပြသခဲ့ပါတယ်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ အသစ်ထုတ်လုပ်လိုက်တဲ့ မော်တော်ယာဉ်အမျိုးမျိုးတွေဟာ ပြည်သူတွေ အသုံးပြုနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားကြောင်းသိရပါတယ်။ အဲဒီမော်တော်ယာဉ်တွေကို နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံး အရောင်းဌာနနဲ့ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ (ရန်ကုန်)တို့မှာ ရောင်းချပေးဖို့ စီမံလျက်ရှိကြောင်း သိရပါတယ်။

သာဂရစက်မှုနယ်မြေရှိ ဆောက်လုပ်ရေးယန္တရား ထုတ်လုပ်သည့် စက်ရုံမှ ထုတ်လုပ်သော မြေတူး ယန္တရားကြီးတစ်စီးကို တွေ့ရစဉ်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေအပြင် Solar ပြား 21 Watt မှ 185 Watt Solar ပြားတွေကို မြန်မာ့ စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း(တောင်ဒဂုံ)စက်ရုံမှာလာမယ့်စက်တင်ဘာလအတွင်း စတင်ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ LED မီးသီးတွေကိုလည်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆

☆ စာမျက်နှာ ၉ မှ

ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ LED မီးသီးထုတ်လုပ်မှု အလုပ်ရုံမှ ၂၀၀၈ ခုနှစ်မှ စတင်ပြီး တစ်နှစ်လျှင် ၂၄ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

ဈေးငွေထုတ်ဈေး

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးကော်မတီဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုထုတ်ကုန်တွေ အရေအတွက်နဲ့ အရည်အချင်း တိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာ အမယ်သစ်တွေ တိုးတက်ထုတ်လုပ်ရေးနဲ့ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရာမှာ အခြေအနေကောင်းတွေ ရရှိရေးဆိုတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အထောက်အကူ ပြုစေဖို့အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်(MIDB)ကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဟာ စက်မှုလုပ်ငန်းများသာမက အခြားဘက်စုံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေတဲ့ စီးပွားရေးလုပ်ငန်းပေါင်းစုံသို့ ခိုင်မာတဲ့ ချေးငွေတွေ ထုတ်ချေးလျက်ရှိပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော် ထူထောင်ရာမှာ အဓိက အခြေခံအုတ်မြစ်ဖြစ်တဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လိုအပ်ပါတယ်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စက်ရုံတွေက ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ စပ်လျဉ်းပြီး သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေး ဗဟိုဌာနကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားရေးရည်မှန်းချက်

အခုဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုတွေ ရရှိနေပြီဖြစ်လို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် တည်ဆောက်ရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာ သဘာဝအရင်းအမြစ်တွေ ရှိပြီးဖြစ်လို့ အဲဒီသဘာဝ အရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲနိုင်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်တွေ လိုအပ်ပါတယ်။

ကြိုးပမ်းတည်ဆောက်ပေးခဲ့

နိုင်ငံတော်အနေဖြင့် အလယ်အလတ် အတတ်ပညာရှင်တွေသာမက အဆင့်မြင့်နည်းပညာရှင်တွေ ပေါ်ထွန်းလာရေးအတွက်ပါ နည်းပညာဆိုင်ရာ ကျောင်းတွေနဲ့ တက္ကသိုလ်တွေကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးမှာ စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေကို အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို ပိုင်ဆိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။

ယနေ့အချိန်မှာ ‘စက်မှုစွမ်းအားခေတ်ကျော်လွှား’ ဆောင်ပုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်ဆီသို့ တက်လှမ်းနိုင်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မွန်မြတ်တဲ့ စေတနာနဲ့ မှန်ကန်တဲ့မူဝါဒကို ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်ချက်တွေကြောင့် ပေါ်ထွန်းလာတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ စက်မှုဇုန်တွေ အပါအဝင် စက်မှုကဏ္ဍ အခြေခံအုတ်မြစ်ကောင်းတွေကို နောင်လာမယ့် မျိုးဆက်သစ်တွေ အနေဖြင့် အကျိုးရှိစွာအသုံးချပြီး ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွားကြရမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

မော်တော်ယာဉ်

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ တွေ့ရစဉ်။

စက်မှုဇုန်ထုတ်ဆိုင်ကယ်

နိုင်ငံတော်မှ စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်များ ထူထောင်ပေးလျက်ရှိရာ ရေနံချောင်းစက်မှုဇုန်မှ ထုတ်လုပ်သော ဆိုင်ကယ်များကို တွေ့ရစဉ်။

နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သော နေရောင်ခြည်စွမ်းအင်သုံး (Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများကို တွေ့ရစဉ်။



အမှတ်(၂)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ အဓိကစက်ရုံနှင့် ထုတ်လုပ်ရေးဌာနများ

စဉ်	စက်ရုံအမည်	တည်ရှိရာဒေသ
(၁)	**မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း**	
	(က) အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)	မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
	(ခ) အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)	ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း
	(ဂ) အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)	မကွေးမြို့နယ်၊ မကွေးတိုင်း (ဆောင်ရွက်ဆဲစီမံကိန်း)
	(ဃ) ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ (သာဂရ)	ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း
	(င) မြေထိုး၊ မြေတူးယန္တရား ထုတ်လုပ်မှုစက်ရုံ (သာဂရ)	ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း
(၂)	**မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း**	
	(က) အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (သထုံ)	သထုံမြို့နယ်၊ မွန်ပြည်နယ်
	(ခ) အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)	ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်
	(ဂ) ရော်ဘာဌာန (မရမ်းကုန်း)	ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
(၃)	**မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း**	
	(က) အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)	ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း
	(ခ) အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (မလွန်)	မင်းလှမြို့နယ်၊ မကွေးတိုင်း
(၄)	**မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**	
	(က) အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)	ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း
	(ခ) လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဒဂုံ)	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း
	(ဂ) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မြိုင်)	မြိုင်မြို့နယ်၊ မကွေးတိုင်း
	(ဃ) ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံ (သာဂရ)	ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း

မြန်မာနိုင်ငံရှိ စက်မှုသင်တန်းကျောင်းများ

စဉ်	သင်တန်းကျောင်းအမည်	မှတ်ချက်
၁	စက်မှုသင်တန်းကျောင်း (ဆင်တဲ)	၁၉၈၈ခုနှစ် မတိုင်မီက တည်ထောင်ခဲ့ခြင်းဖြစ်
၂	စက်မှုသင်တန်းကျောင်း (မန္တလေး)	၂၀၀၈ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်
၃	စက်မှုသင်တန်းကျောင်း (သာဂရ)	၂၀၀၉ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်
၄	စက်မှုသင်တန်းကျောင်း (ပခုက္ကူ)	၂၀၁၀ ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်
၅	စက်မှုသင်တန်းကျောင်း (မကွေး)	တည်ဆောက်ဆဲ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်မှူးသန်းထွန်းဝင်း(ငြိမ်း)-ဒေါက်တာဒေါ်ခင်စိန်ရီတို့၏သား
မောင်ခိုင်ညွန့်ထွန်း
B.Sc(Maths)2nd Mate(F.G)
Uniteam Marine Shipping Company Ltd.
နှင့်
ပျော်ဘွယ်မြို့၊ မြို့မရပ်နေ ဦးမော်စီ(ခ)ဦးစိုးအောင်-
ဒေါ်စန်းဝင်း(ကေဇာနောင် ဆန်ရောင်းဝယ်ရေး)တို့၏သမီး
မမြတ်ဆုဝင့်
B.Sc(Maths)
(ကေဇာနောင်ဆန်ရောင်းဝယ်ရေး)

တို့သည် ၁၇-၇-၂၀၁၀ ရက်တွင် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခိုင်ညွန့်ထွန်း-မမြတ်ဆုဝင့်

ဝယ်ယူလိုပါသည်

ဆန်စက်တွင်အသုံးပြုပြီးသော ရော်ဘာရိုလာသံလုံးခွံ ၁၀" နှင့် ၆"ကို ဈေးကောင်းပေး၍ ဝယ်ယူပါမည်။

Ph:09-5165950

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၃၁၄/၃၁၅) တွင် ပါတီရုံးချုပ်တည်ရှိသော **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၇-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ် တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)၏ အလံပုံစံ (အစိမ်းရောင်အောက်ခံတွင် အဖြူရောင်ကြယ်သုံးလုံး)

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၁၉-၇-၂၀၁၀ရက်ကြေးမုံသတင်းစာပါ အထက်တန်းရှေ့နေ ဒေါ်ခင်ဆွေဝင်း၏ ဒေါ်တင်ရီ၊ ဒေါ်သစ်သစ်ဝင်းနှင့် အများသိစေရန်သတိပေးကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် ပြန်လည်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၉၄နေ ဒေါ်တင်ရီ[၁၂/ကမတ(နိုင်) ၀၂၆၆၆၆]နှင့် ဒေါ်သစ်သစ်ဝင်း [၁၂/ကမတ(နိုင်)၀၂၆၀၆၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည် အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်း၏ကြေညာချက်တွင်ပါရှိသော ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၉၄ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံသည် ဦးဘိုးသက်နှင့် ဒေါ်ဟန်တို့ ပိုင်ဆိုင်ခဲ့သော မြေနှင့် အဆောက်အအုံဖြစ်သည်ဆိုသည်မှာ လုံးဝ မှန်ကန်ခြင်း မရှိပါ။ အဆိုပါ မြေကွက်မှာ မူလအမည်ပေါက်ပိုင်ရှင်၏ မြေးများဖြစ်ကြသော ဒေါ်သန်းသန်းညွန့် [၁၂/စခန(နိုင်)၀၀၈၀၁၉]နှင့် ဦးဘရီ(ခ)ဦးဌေးအောင်[၁၂/စခန(နိုင်)၀၀၇၄၉၆] တို့သာ တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ အဆိုပါမြေကွက်ပေါ်ရှိနေအိမ်မှာ လွန်ခဲ့သော နှစ်(၄၀)ကျော်ကပင် ဒေါ်တင်ရီပိုင်ငွေဖြင့် ဆောက်လုပ်ထားပြီး ယနေ့ တိုင် နေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် လူကြီးမင်း၏ကြေညာချက်ပါ ဦးဘိုးသက်၊ ဒေါ်ဟန်တို့၏ သားသမီးများဖြစ်ကြသော ဦးစိန်းမောင်၊ ဦးစောမောင်၊ဒေါ်တင်ရီတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြခြင်းဖြစ်သည်ဆိုခြင်းမှာ မမှန်ကန်ပါ။ သို့ဖြစ်ပါ၍ လူကြီးမင်း၏ ၁၉-၇-၂၀၁၀ရက်စွဲပါ ဒေါ်တင်ရီ ဒေါ်သစ်သစ်ဝင်းနှင့် အများသိစေရန်သတိပေး ကြေညာချက်အား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြေညာ အပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဆန်းနိုင်
B.A(Law),LL.B,D.B.L,D.M.L
D.IL,D.A.Psy. Dip in English
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၉၂၉)

ဒေါ်အေးမြင့်ခင်
LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၀၅၉၃)

ရုံး- ၃၁/၃၃၊ ၆/ယာ၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀ ၂၆၈၃၃၊ ၀၁ ၇၃၈၆၀၇၉၁



ဇူလိုင် ၁၃ ရက်က ထိပ်တန်းသူနာပြုသင်တန်းခန်းမ၌ ကွမ်းခြံကုန်းမြို့နယ် ကြက်ခြေနီသင်တန်းများအတွက် သင်တန်းသားများ အသုံးပြုရန် ထိပ်တန်းစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကြက်ခြေနီ ဂုဏ်ထူးဆောင် အမှုဆောင် ဦးနိုင်ဝင်း လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

တစ်နိုင်ငံလုံးတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၂ဒသမ ၂၈လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၁ဒသမ ၄၆လက်မ၊ နေပြည်တော်ပျဉ်းမနားတွင် ၁ဒသမ ၃၇လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ဒသမ ၃၀လက်မ၊ လောင်းလုံမြို့တွင် ၅ဒသမ ၉၈လက်မ၊ စစ်တွေမြို့တွင် ၃ဒသမ ၉၈လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ ၁၅လက်မ၊ သံတောင်ကြီးမြို့နှင့် ဗန်းမော်မြို့တို့တွင် ၃ဒသမ ၁၁လက်မစီ၊ မိုးကုတ်မြို့တွင် ၂ဒသမ ၈၇လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ ၇၁လက်မ၊ ကျိုင်းတုံမြို့တွင် ၂ဒသမ ၆၀လက်မ၊ ကျိုက္ခမီမြို့တွင် ၂ဒသမ ၅၂လက်မနှင့် ပူတာအိုမြို့တွင် ၂ဒသမ ၄၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၂၄ ရက် ညနေထိခန့်မှန်းချက် ။ ။ မကွေးတိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ တစ်ပြည်လုံးတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
၂၀၁၀ ခုနှစ် ဇူလိုင်လ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။ ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နာမည်ကျော် တွေ့မရှောင်နှင့် အလဲထိုးနိုင်ပွဲဆက်လာသူ ဝင်းထွန်းတို့ သတ္တမအကြိမ် တွေ့ဆုံကြမည်

သတင်းမှတ်စု-
ဇင်လင်းထွန်း(ဓနဖြူ)
အဆင်အပြင်-တင်ထွန်းတာ

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group က ဦးစိုးသန်းဝင်း တွဲဆိုင်းစီစဉ်မှု တာဝန်ယူသည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် တွေ့မရှောင်(KLN) နှင့် ဝင်းထွန်း(လယ်/ဆည်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ယခုပွဲကို အထူး လေးချီပွဲ သုံးပွဲ၊ ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲ စုစုပေါင်း ပွဲစဉ် ၁၀ ပွဲဖြင့် ကျင်းပရန် စီစဉ်ထားသည်။ တွေ့မရှောင်နှင့် ဝင်းထွန်းတို့ တွဲဆိုင်းက ဒသမမြောက် ပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အဓိက စိန်ခေါ်ပွဲကြီးလည်း ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ယခင်က ခြောက်ကြိမ်တွေ့ဆုံယှဉ်ပြိုင်ခဲ့ကြရာ၌ သရေနှစ်ပွဲဖြစ်ခဲ့ပြီး တွေ့မရှောင်က လေးပွဲအလဲထိုး၊ အကွဲထိုး အနိုင်

အဓိက စိန်ခေါ်ပွဲကြီးတွင် ယှဉ်ပြိုင်မည့် တွေ့မရှောင် (KLN)။

ရရှိခဲ့သည်။ ထိုအနေအထားအရ ဝင်းထွန်းက အနိမ့်မှ လှန်ခွပ်ရမည့် သဘောရှိနေသော်လည်း ယခုပွဲ မတိုင်မီ လက်ဝှေ့သမားနှစ်ဦး၏ ရပ်တည်မှုက ပရိသတ်အဖို့ ခန့်မှန်းရခက်စေသည်။ တွေ့မရှောင်သည် ဇွန် ၂၆ ရက်က မန္တလေးတွင် မြနန်းတော်နှင့် ယှဉ်ပြိုင်သည့်ပွဲ၌ အနိမ့်သရေဖြစ်ခဲ့သည်။ ဝင်းထွန်းက ၂၀၁၀ ဇန်နဝါရီလ အစောပိုင်းက မွန်ပြည်နယ် သောင်ပြင်ကျေးရွာတွင် တွေ့မရှောင်နှင့် နောက်ဆုံး (ဆဋ္ဌမအကြိမ်) တွေ့ဆုံယှဉ်ပြိုင်၍ သရေပွဲဖြစ်ခဲ့ပြီးနောက် လေးပွဲဆက်တိုက် အလဲထိုး နိုင်ပွဲများရရှိထားသည်။ ဖေဖော်ဝါရီ ၁၀ ရက်က မန္တလေးတောင်ခြေကွင်းတွင် ထွန်းထွန်း (အဖြူရောင်သွေးသစ်)ကို ဒုတိယအချီ၌ ညာပင့်လက်သီးဖြင့်၊ တပေါင်းလပြည့်နေ့က မွန်ပြည်နယ် လမိုင်းမြို့တွင် ပထမတန်းချန်ပီယံဟောင်း လုံးချောကို စတုတ္ထအချီ၌ ဘယ်ခြေအမြင့် ကန်ချက်ဖြင့်၊ တန်ခူးလပြည့်နေ့က မွန်ပြည်နယ် သောင်ပြင်ကျေးရွာတွင် ဝါးရင်းတုတ်ဖိုးကေကို ညာခြေအမြင့်ကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ပြီး ဧပြီ ၉ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် မွေ့ထိုင်းလက်ဝှေ့သမား နာဖာလီကို ဒုတိယအချီ၌ ညာပင့်လက်သီးဖြင့် မေးရိုးကျိုးစေကာ အနိုင်ယူခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဝင်းထွန်းနှင့် တွေ့မရှောင်တို့၏ သတ္တမအကြိမ် တွေ့ဆုံမည့် ပစ္စုပ္ပန်အနေအထားကို ပရိသတ်များ စိတ်ဝင်စားလျက် ရှိနေကြခြင်း ဖြစ်သည်။

အဓိက စိန်ခေါ်ပွဲကြီးတွင် ယှဉ်ပြိုင်မည့် ဝင်းထွန်း (လယ်/ဆည်)။

၎င်းတို့ပွဲသာမက ကျန်တွဲဆိုင်းများတွင် လက်ရှိ ရိုးရာလက်ဝှေ့လောက၌ နာမည်အကျော်ဆုံး လက်ဝှေ့သမားချင်း တွေ့ဆုံပေးထားပြီး ၎င်းတို့ရင်ဆိုင်ခဲ့သည့် ပွဲတိုင်း ပရိသတ်လက်ခုပ်သံရခဲ့ကြသည့် တွဲဆိုင်းများ ပါဝင်သည်။ ယခုပွဲ၌ နဝမအကြိမ်တွေ့ဆုံကြမည့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် သပြေညို (ဘိလပ်မြေစက်ရုံ) တို့တွဲဆိုင်းက အလုံးအထည် အသက်အရွယ်ညီမျှပြီး ကြိုးဝိုင်းသမ္ဘာနှင့် ပညာဂုဏ်၊ မာဂုဏ်သာမက အသည်းဖွဲ့ချင်းပါ တူကြသည့်အတွက် ပရိသတ်ကို မျက်တောင်မခတ်စတမ်း ဖမ်းစားနိုင်သော ပွဲများဖြစ်ခဲ့သည်။

ပြီးခဲ့သည့် ဇွန်လက ဒုတိယအကြိမ်အဖြစ် လပွတ္တာမြို့တွင် ယှဉ်ပြိုင်ခဲ့ကြရာ သရေပွဲဖြစ်ခဲ့သော်လည်း ပွဲစဉ်အားလုံးတွင် ပရိသတ်အကြိုက်ဆုံးပွဲစဉ် ဖြစ်စေခဲ့သည့် သားသား(KLN)နှင့် ဒေါင်းသည်းခြေ (ကော့ကရိတ်)တို့၏ တတိယအကြိမ်တွေ့ဆုံမှု၊ ထိုးလုံးသတ်ပေါက် အလှအပများကြောင့် သုဝဏ္ဏပြိုင်ပွဲရုံ ပရိသတ်များ၏ အချစ်တော်ဖြစ်နေသည့် စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် လုံးချောလေး (ရက္ခဗျာလ) တို့၏ ဒုတိယအကြိမ် တွေ့ဆုံမှုများကလည်း ပွဲကောင်းကြိုက်သူများအတွက် လက်လွတ်မခံသင့်သောပွဲများ ဖြစ်သည်။

ယခုပွဲတွင်မှ ပထမဆုံးအကြိမ် တွေ့ဆုံကြမည် ဖြစ်သော်လည်း တစ်ဦးချင်းစီ၏ ကြိုးဝိုင်းဖြတ်သန်းမှုအရ စောင့်ကြည့်ရမည့်တွဲဆိုင်းများလည်းရှိနေသည်။ ကြိုးဝိုင်းသက်ငယ်၍ အရွယ်နုသေးသော်လည်း အစွယ်ချွန် အဆိပ်ပြင်းသည့်အတွက် ပြိုင်ဘက်များကို အလဲထိုးဖြင့် ဖြတ်သန်းကာ ၂၀၁၀ ဒဂုံရွှေအောင်လံဆုရှင် ဖြစ်လာသည့် စိုးလင်းဦး (မျိုးဇာနည်)နှင့် ဝါရင့်လက်ဝှေ့ကျော် မိုက်တိုင်စန် (အလင်းရောင်) တို့ပွဲက အဓိကစိန်ခေါ်ပွဲကြီး၏ ရှေ့ထွက်ပွဲဖြစ်လာနိုင်သည်။

ပရိသတ်များ သတိမထားမိသေးသော်လည်း ဝါရင့်လက်ဝှေ့သမားများဖြစ်သည့် စောစိုးစံ (တောင်ငူ)၊ ကျန်စစ်အောင် (မြို့တော်စည်ပင်)၊ စတား(ဘိလပ်မြေစက်ရုံ)တို့ကို အလဲထိုးနိုင်သဖြင့် ပြိုင်ဘက် ကလပ်နည်းပြများနှင့် လက်ဝှေ့သမားအချင်းချင်း သတိထားလာရသော တိုက်တိုင်းအောင် (အဖြူရောင်သွေးသစ်)နှင့် စောရန်ပိုင် (ဘိလပ်မြေစက်ရုံ)တို့ပွဲ၊ ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ၊ လာအိုဆီးဂိမ်းဝူရှုးလက်ရွေးစင် မိုးသီး (မြန်မာပြည်သား)နှင့် သပြေအောင် (ဘိလပ်မြေစက်ရုံ)တို့ ပွဲများကလည်း ပွဲကောင်းကြိုက်သော ပရိသတ်နှင့် ဟပ်မိမည့်ပွဲများဖြစ်သည်။ အဆိုပါ ငါးချီစိန်ခေါ်ပွဲများနှင့်အတူ ဝမ်ချူး (မိုးသောက်ကြယ်)နှင့် ရဲမြတ်အောင် (ဖိုးရာဇာ)၊ ဇွဲသတ္တိ(သူရဲကောင်း) နှင့် အိုင်ထီခန့်(မိုးသောက်ကြယ်)၊ နေဇော် (တွံတေး)နှင့် ရွှေရဲလေး (အဖြူရောင်သွေးသစ်)တို့၏ လေးချီ အထူးပွဲများသည် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရန်ပုံငွေပွဲများ၏ အစဉ်အလာကောင်းတွင် အကောင်းဆုံးပွဲအဖြစ် မှတ်တမ်းတင်နိုင်ရန် ကြိုးပမ်းသည့် ပွဲများဖြစ်ကြောင်း စီစဉ်သူက အာမခံပြောကြားသည်။ ထိုပွဲများအတွက် ရုံဝင်ကြေး အထူးတန်း ကျပ် ၇၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀၀ သတ်မှတ်ထားသည်။ ။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ပွဲ

နေပြည်တော်ကွင်း အုပ်စု(ဃ)

သစ်တောရေးရာဝန်ကြီးဌာန **တစ်ဂိုး**

(ဇင်လင်းအောင်)

သတ္တုတွင်းဝန်ကြီးဌာန **ဂိုးမရှိ**

(ဒိုင်) ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(င)

စွမ်းအင်ဝန်ကြီးဌာန **တစ်ဂိုး**

(ရဲထွဋ်ဝင်း)

ပြည်ထဲရေးဝန်ကြီးဌာန **ဂိုးမရှိ**

(ဒိုင်) ဦးအောင်သိန်း (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

စာမျက်နှာ ၆ ကော်လံ ၁ သို့ ◆

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၇-၂၀၁၀)

နေပြည်တော်(သပြေကုန်း)
၂ ဒသမ ၂၈ လက်မ

နေပြည်တော်လယ်ဝေး
၁ ဒသမ ၄၆ လက်မ

နေပြည်တော်ပျဉ်းမနား
၁ ဒသမ ၃၇ လက်မ

နေပြည်တော်(ရေဆင်း)
၁ ဒသမ ၃၀ လက်မ

လောင်းလုံ
၅ ဒသမ ၉၈ လက်မ

ဘီအမ်ဒဗလျူကုမ္ပဏီထုတ်ကားများ၌ ဝိုင်ယာလက်စ်အင်တာနက်စနစ် တပ်ဆင်မည်

ဆစ်ဒနီ ဇူလိုင် ၂၃

ဘီအမ်ဒဗလျူကုမ္ပဏီက ထုတ်လုပ်သော မော်တော်ကားများ၌ အင်တာနက်အသုံးပြုနိုင်မည့်စနစ်တစ်ရပ်ကို တပ်ဆင်ပေးတော့မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံတွင် ထုတ်ဝေသော ဆစ်ဒနီမောနင်းဟာရဲလ်သတင်းစာက ဇူလိုင် ၂၀ ရက်က ရေးသားဖော်ပြသည်။

ဂျာမနီနိုင်ငံအခြေစိုက် ဘီအမ်ဒဗလျူ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် မော်တော်ကားအတွင်း အင်တာနက်အသုံးပြုနိုင်မည့် စနစ်တစ်ရပ်ကို ယခုနှစ်ကုန် နောက်ဆုံးထား၍ တပ်ဆင်ပေးနိုင်ရန် အစီအစဉ်သတ်မှတ်ထားကြောင်း ယင်းကုမ္ပဏီ၏ ဩစတြေးလျရုံးခွဲ မန်နေဂျင်းဒါရိုက်တာစတာဗရော့စ်ယဲလူရီဒစ်က ဆစ်ဒနီမောနင်းဟာရဲလ်သတင်းစာသို့ ပြောကြားသည်။

ဘီအမ်ဒဗလျူကားအတွင်း အိုင်ဒရိုက်ဗ်ဟု အမည်ပေးထားသော ဗီဒီယိုဖန်သားပြင်ကို ကွန်ပျူတာမော်နီတာကဲ့သို့ အသုံးပြုနိုင်မည်ဖြစ်ပြီး အင်တာနက်အသုံးပြုနိုင်သော မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ကြည့်ရှုခြင်း၊ အီးမေးလ်ပို့ခြင်း၊ အီးမေးလ်လက်ခံခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယနေ့ကာလတွင် အများပြည်သူတို့၏ နိစ္စဓူဝလူနေမှုဘဝတွင် အင်တာနက်၏အခန်းကဏ္ဍ ပါဝင်လာကြောင်း၊ တစ်ဦးနှင့် တစ်ဦးဆက်သွယ်မှုပိုမိုပြုလုပ်နိုင်စေရန် ဘီအမ်ဒဗလျူကားများတွင် ဝိုင်ယာလက်စ်အင်တာနက်စနစ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘီအမ်ဒဗလျူ၏ကားများ၌ အင်တာနက် အသုံးပြုနိုင်သောစနစ် ပါဝင်မည်ဖြစ်ကြောင်း မော်တော်ယာဉ်မောင်းနှင်သူ၏ စိတ်အာရုံ ထွေပြားကာ ယာဉ်တိုက်မှုမဖြစ်ပေါ်စေရေးအတွက် ကားရပ်နားရာနေရာများတွင် ယင်းစနစ်ကို အသုံးပြုနိုင်ရန် စီစဉ်ထားသည်။

အင်တာနက်။

အင်တာနက် သတင်းအချက်အလက် နည်းပညာသတင်း

ဘာသာပြန် စံစံ

ဘီအမ်ဒဗလျူကုမ္ပဏီထုတ် မော်တော်ကားတစ်စီးအတွင်း ဝိုင်ယာလက်စ်အင်တာနက်စနစ် တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)